ကန့်သတ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၇.၁၂.၂၀၁၉)ရက်နေ့တွင် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းတင်သွင်းသည့် အရေးကြီးအဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။ ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက အရေးကြီးအဆို တစ်ရပ်အားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ "**နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ** ICJ **တရားရုံးတွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ စွပ်စွဲချက်နှင့်ပတ်သက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီး၊ ရှေ့နေနှစ်ဦးတို့၏ ခုခံချေပချက်များကို ထောက်ခံကြောင်း ကြေညာ၍ အရေးကြီးအဆိုတင်သွင်းခြင်း**" ဖြစ်ပါတယ်။ ယခု ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၂၂၊ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ကျွန်တော် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းက အရေးကြီးအဆို တင်သွင်း သွားမှာ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်နေ့တွင် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ ၌ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာစွပ်စွဲချက်များဖြင့် တရားဝင် တရားစွဲဆိုခဲ့၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်မှ (၁၂)ရက်နေ့အထိ Public Hearing ကြားနာပွဲပြုလုပ်သွားပြီး ဖြစ်ပါတယ်။

အဆိုပါ ကြားနာပွဲတွင် မြန်မာနိုင်ငံအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ကြောင်း စွပ်စွဲချက်နှင့်ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ တရားရုံး၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်ပေးသည့် အကျိုးဆောင်ရှေ့နေများဖြစ်ကြသော ပါမောက္ခ မစ္စတာဝီလီယံရှာဘတ်၊ မစ္စတာခရစ္စတိုဖာ စတိတ်ကာ၊ ပါမောက္ခ မစ္စဖိဘီအိုကာဝါတို့မှ ကျိုးကြောင်းဆီလျော်စွာ ခုခံတုံ့ပြန်ချေပလျှောက်လဲ တင်ပြချက်များသည် နိုင်ငံသားတို့၏အခွင့်အရေးနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်ကာကွယ်ရာ ရောက်သည့်အပြင် ပြည်တွင်းပြည်ပတွင်လည်း များစွာ

အရေးကြီးသည့်အတွက် လေးလေးနက်နက် ထောက်ခံပါကြောင်းကြေညာ၍ ဤအရေးကြီး အဆိုကို ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်တင့် ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးကို တက်ရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လာရောက်လေ့လာသူများအားလုံး ကိုယ်စိတ်နှလုံး ချမ်းမြေ့ ပါစေလို့ ဦးစွာပထမမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ အရေးကြီး အဆိုနှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ နယ်သာလန်နိုင်ငံ၊ ICJ တရားရုံး၌ လူမျိုးတုံးသတ်ဖြတ်မှု ဆိုင်ရာစွပ်စွဲချက် ချေပမှုများကို ထောက်ခံသည့်အနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ ဒီနိုင်ငံတော်၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နိုင်ငံသားတို့၏ အခွင့်အရေးများကို ပြည်လည်ခုခံသည့်ကြားနာပွဲများတွင် ပြောကြားခဲ့သည့်မိန့်ခွန်းနှင့်ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်၏ အရေးအတွက် ကိုယ်ကျိုးမဖက် ပြန်လည်ချေပခဲ့သည့်အတွက် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ အရေးကြီးအဆိုနှင့်ပတ်သက်၍ အထူးပင်ထောက်ခံအပ်ပါကြောင်း ဆွေးနွေးတင်ပြအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ထောက်ခံမည့်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးရန်ကျော်၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော် ကတော့ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးရန်ကျော်ဖြစ်ပါတယ်။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒုတိယနေ့)သို့ ကြွရောက်လာ ကြပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်

အဖွဲ့ဝင် ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ အရေးကြီးအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)တွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံလူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ စွပ်စွဲချက်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အတူ နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်ပေးသည့် အကျိုးဆောင်ရှေ့နေကြီးများ ဖြစ်ကြသော ပါမောက္ခ မစ္စတာဝီလီယံရှာဘတ်၊ မစ္စတာ ခရစ္စတိုဖာစတိတ်ကာတို့အပြင် ပါမောက္ခ မစ္စဖီဘီအိုကာဝါတို့မှ အကျိုးအကြောင်းဆီလျော်စွာ ခုခံတုန့်ပြန်ချေပလျှောက်လဲ တင်ပြချက်မှ ကောက်နုတ် ဖော်ပြရသော်-

(၁) ဂမ်ဘီယာနိုင်ငံက တင်ပြမှုတွေမှာ အချက်အလက် ပြည့်စုံမှုမရှိတဲ့အပြင် နားလည်မှုများ လွဲမှားစေနိုင်တဲ့ အနေအထားနဲ့ ပုံဖော်တာ တွေ့ရှိရပါတယ်။

(၂) ဂမ်ဘီယာနိုင်ငံက အဓိကလျှောက်လဲချက်တွင်လည်း ဂျီနိုဆိုဒ်ဆိုတာကို ပီပြင်စွာမပါတဲ့အတွက် ကြားဖြတ်စီရင်ချက်အား မချမှတ်သင့်ပါကြောင်း ယူဆပါတယ်။

(၃) မြန်မာနိုင်ငံမှ လျှောက်လဲတင်ပြချက်များသည် မြန်မာနိုင်ငံသူ/ နိုင်ငံသား များရဲ့ အခွင့်အရေးနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်ကာကွယ်ရာ ရောက်ပါတယ်။

(၄) ရှမ်းပြည်နယ်ရဲ့ လူမျိုးပေါင်းစုံပါဝင်နေသော ဤလွှတ်တော်ကြီးမှ တစ်ညီ တစ်ညွတ်တည်း ထောက်ခံပေးခြင်းဖြင့် ဤဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်၏ သမိုင်းတွင်စေမည့်အချက်ဖြစ်ပါသဖြင့် ကျွန်တော် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးရန်ကျော်မှ မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ဦးဆောင်၍ ထောက်ခံပြီး ကျန်ကိုယ်စားလှယ်များကလည်း ပါတီစွဲကင်းစွာဖြင့်

ဝိုင်းဝန်းထောက်ခံပေးကြပါရန် တိုက်တွန်းရင်း ဦးညီညီ(ခ)ဦးညီလေးချမ်း၏ အရေးကြီးအဆိုကို လှိုက်လှဲစွာ ထောက်ခံအပ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ထောက်ခံသွားပါတယ်။ ယခု ဒီအဆိုကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၂၊ နည်းဥပဒေခွဲ(ခ)နှင့်အညီ လွှတ်တော်၏ အဆုံးအဖြတ် ရယူပြီး အတည်ပြုမှတ်တမ်းတင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီအဆိုကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

**ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်။** ဒီအဆိုနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌအနေနဲ့ တင်သွင်းပြောကြားလိုပါတယ်။ ဒါဟာ တရားရုံးတစ်ခုခုမှာ အဆုံးအဖြတ် မရသေးတဲ့ ကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့ လွှတ်တော်ကနေ အတည်ပြုခြင်း၊ ထောက်ခံခြင်း၊ မှတ်တမ်းတင်ခြင်း ဆောင်ရွက်လို့ မသင့်ပါဘူး။ အဲ့တော့ ကျွန်တော်တို့ လွှတ်တော်ရဲ့ နည်းဥပဒေ၊ ဥပဒေနှင့်အညီ ပြန်လည်စဉ်းစားပေးဖို့နှင့် မဲခွဲဆုံးဖြတ်ပေးနိုင်ဖို့အတွက် ကျွန်တော်တင်ပြလို ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအနေနဲ့ ဒီအဆိုကို အတည်ပြုမှတ်တမ်းတင်ဖို့အတွက် ကန့်ကွက်သွားပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီအဆိုကို မှတ်တမ်းတင်ဖို့နှင့် အတည်ပြုဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒကို ခံယူမှာ ဖြစ်ပါတယ်။

**ဦးအောင်သန်းထွန်း၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုနဲ့ ပတ်သက်လို့ အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော် လောက်ကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်သန်းထွန်း ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှုရှိတဲ့ အခုလိုအခါ သမယမှာ ဒီမိုကရေစီ နည်းလမ်းကျကျ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ကြီးမှာ တင်ပြဆွေးနွေး အကောင်ထည်ဖော်နေတာ တွေ့ရတဲ့အတွက်ကြောင့်မို့ လွန်စွာလည်း ဝမ်းမြောက်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးညီညီ(ခ) ဦးညီလေးချမ်း ခုနက ထောက်ခံပြီး တင်ပြတဲ့ ကိစ္စနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များသိအောင် ကျွန်တော့်အနေနဲ့ ရှင်းလင်း တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးလည်းစဉ်းစား သုံးသပ်နိုင်အောင် ဖြစ်ပါတယ်။ ဒီ ICJ မှာ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသည်ဆိုတဲ့ကိစ္စသည် နိုင်ငံတော်ရဲ့ တာဝန်ကို နိုင်ငံခြားရေး ဝန်ကြီးတစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်တာ ဖြစ်ပါတယ်။ ယခင်နိုင်ငံခြားရေးဝန်ကြီးများ လက်ထက်မှာလည်းဒီလိုပဲ ဒီနေရာမှာ ရောက်လို့ရှိရင် ဒီတာဝန်ကို ထမ်းဆောင်ရတာဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ အနေနဲ့က နိုင်ငံတော်တာဝန်ယူထားရတဲ့၊ နိုင်ငံ့ခေါင်းဆောင် တာဝန်ယူ ထားတဲ့ ဝန်ကြီးတစ်ယောက် ယခုလိုမြန်မာနိုင်ငံရဲ့ အရေးကိစ္စကို သွားရောက်ဖြေရှင်းပေးတာ အင်မတန်မှ ဂုဏ်ယူ ဝမ်းမြောက်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဒါကိုလက်ခံ ကြိုဆိုရမှာ ဖြစ်ပါတယ်။ ဒီကိစ္စ ထဲမှာ တပ်မတော်ရဲ့ ကိစ္စအရေးကိစ္စတွေရော၊ ရဲတွေရဲ့အရေး ကိစ္စတွေရော၊ တိုင်းရင်းသား လူမျိုးတွေရဲ့ ကိစ္စတွေရောပါဝင်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ အင်မတန်မှ ဝမ်းမြောက်ဂုဏ်ယူပါတယ်။

သို့သော် ကျွန်တော်တို့ ဒီကိစ္စနှင့် ပတ်သက်လို့ ပြန်လည်စဉ်းစားဖို့က ဒီလုံခြုံရေး ချိုးဖောက်တဲ့ဖြစ်စဉ် ဒီဂျီနိုဆိုဒ်ခေါ် လူမျိုးတုံးသတ်ဖြတ်ခြင်းလို့ စွပ်စွဲရတဲ့ဖြစ်စဉ်ဖြစ်ပေါ် လာရခြင်းရဲ့ အဓိကအကြောင်းအချက်တွေကို ပြန်ပြီးတော့ ဒီနယ်မြေမှာ ပြန်စဉ်းစား ကြည့်မယ်။ တိုင်းရင်းသားလူမျိုးတွေနေထိုင်တဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ပြန်စဉ်းစား ကြည့်မယ်ဆိုရင် (၁)အချက် နကစဆိုတဲ့ ဥပဒေကို ဖျက်သိမ်းလိုက်တယ်။ ဖျက်သိမ်းလိုက်တဲ့ အတွက် နယ်စပ် ဒေသတွေမှာ လုံခြုံရေးချိုးဖောက်မှု ဖြစ်စဉ်တွေ ဖြစ်တယ်။ ဖြစ်တဲ့အတွက် ကြောင့်မို့ အဲဒီ အရေးခင်းတွေ ဖြစ်လာတယ်။ ဒါတစ်ချက်ပါ၊ နောက်တစ်ခါ မြန်မာနိုင်ငံထဲမှာ ဧည့်စာရင်း ဥပဒေဆိုတာရှိတယ်။ အဲ့ဒီဧည့်စာရင်းဥပဒေဆိုတာကို ဖျက်လိုက်တဲ့အတွက် ကြောင့် မြန်မာနိုင်ငံ ထဲမှာ လူကောင်း၊ လူဆိုးခွဲခြားလို့ ခက်ပြီးတော့ ယခုအချိန်မှာဆိုလို့ရှိရင်

ကိုယ်နိုင်ငံသား မဟုတ်တဲ့ လူတွေစစ်ဆေးလို့မရ ဘာမရနဲ့ လုံခြုံရေးချိုးဖောက်မှု တွေဖြစ်ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ အာဆီယံနိုင်ငံတွေကို သွားမယ်ဆိုရင် ဘယ်နိုင်ငံကို သွားသွားလေဆိပ်ဆင်းလို့ဆိုရင် White ကတ်ဆိုတာကို ကျွန်တော်တို့ ဖြည့်ရပါတယ်။ ဒါအားလုံးသိကြပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသာလျှင် အဲဒီလဝကဆိုင်ရာဥပဒေကို ဖြုတ်လိုက်တဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ နိုင်ငံကို ဘယ်နိုင်ငံခြားသားဝင်ဝင် အဲဒီ White ကတ်ဆိုတာမဖြည့်ရတော့ဘဲနဲ့ ကျွန်တော်တို့မှာ စိစစ်မှုတွေ အများကြီးလျော့နည်းခဲ့ပါတယ်။ အဲဒီလျော့နည်းခြင်းဟာ လုံခြုံရေးချိုးဖောက်ခြင်းရဲ့ အဓိက ရည်ရွယ်ချက်ပါ။ နောက်ယောင်ခံဥပဒေဆိုတာ ဖျက်ခဲ့တယ်။ ရခိုင်ဒေသမှာ ဒီဂျီနိုဆိုဒ်မဖြစ်ခင်မှာ ကျွန်တော်တို့ တိုင်းရင်းသား အချင်းချင်း ညှိနှိုင်းပြီးတော့ လုပ်ဆောင်နိုင်တဲ့ ဖြေရှင်းနိုင်တဲ့ အရည်အချင်းရှိပါရဲ့သားနဲ့ ကိုယ့်နိုင်ငံက ပညာရှင်တွေကို အားမကိုးပဲနဲ့ နိုင်ငံခြားသားတွေပါတဲ့ ဒီကော်မရှင်တွေနဲ့ ကိုယ်နိုင်ငံအကြောင်း၊ ကိုယ့်ရေမြေအကြောင်း ဘာမှမသိတဲ့ ဒီကော်မရှင်နဲ့ စစ်ဆေးလိုက်တဲ့ အခါမှာ ကျွန်တော်တို့ရဲ့ ဖြစ်ပေါ်တဲ့ အဖြစ်အမှန်တွေဟာ ပြောင်းပြန်တွေ ဖြစ်ပြီးတော့ သူတို့ရဲ့ လှည့်ကွက်ထဲမှာ ကျွန်တော်တို့ ခံစားရတယ်။ လုံခြုံရေးစည်းတွေ ချိုးဖောက်ခဲ့ ရပါတယ်။ ခုနက ကျွန်တော်ပြောခဲ့တဲ့ နကစ ဥပဒေဖျက်တယ်၊ ဧည့်စာရင်းတိုင်ကြားတဲ့ ဥပဒေဖျက်တယ်၊ လဝက လျော့နည်းမှုတွေဖြစ်တယ်။ နောက်ယောင်ခံမှုတွေ ဖြစ်တယ်။ ဒီကော်မရှင်တွေရဲ့ဥစ္စာ ကန့်ကွက်တယ်ဆိုတာ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်အနေနဲ့ ဘာမျှမရှိပေမဲ့ ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှာ ကျွန်တော်တို့လိုပဲ အခြားသော အခြားသော ပါတီဝင် တွေ လွှတ်တော်အမတ်တွေက ဒါကိုအကြိမ်ကြိမ်ကန့်ကွက် သည့်ကြားထဲကနေပြီးတော့ လူညီ ဤကျွဲဖတ်တယ်ဆိုတဲ့အနေနဲ့ ဒါကိုအတည်ပြုခဲ့တယ်။ အတည်ပြုခဲ့လို့ပဲ ဒီလိုလုံခြုံရေး ချိုးဖောက်မှုတွေ ဖြစ်စဉ်တွေဖြစ်ပြီးတော့ အဲ့ဒီမှာ ကျွန်တော်တို့ လူမျိုးတုံးသတ်ဖြတ်ခြင်း ခံရတယ်ဆိုတဲ့ စွပ်စွဲချက်တွေပေါ်လာတယ်။ ဒါနဲ့ပတ်သက်လို့လဲ လက်နက်ကိုင် အဖွဲ့အစည်းတွေ အနေနဲ့ လုပ်ထုံးလုပ်နည်းအရ အရေးယူနိုင်တဲ့သူတွေကို တပ်မတော် ဥပဒေ၊ နယ်ဖက်ဥပဒေအရ အရေးယူခဲ့တာလဲ တိုင်းပြည်မှာရှိပြီးသား ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ ရှမ်းပြည်နယ်ကြီးမှာဆိုလည်း ဒီလုံခြုံရေးချိုးဖောက်မှု ဖြစ်စဉ်ကြီးဟာ ကျွန်တော်တို့ ရှမ်းပြည်နယ် ရှမ်း(မြောက်)၊ ရှမ်း(ရှေ့) ဒေသကြီးတွေမှာ

ယနေ့အချိန်မှာ ခုနကလွှတ်တော်အမတ်တွေ တင်ပြသွားတဲ့ လုံခြုံရေးချိုးဖောက်တဲ့ဖြစ်စဉ်ဟာ အင်မတန်ကြောက်မက်ဖွယ်ကောင်းပါတယ်။ ဒါကြောင့်မို့လို့ ဒါဟာယခုလက်ရှိဦးဆောင်နေတဲ့ အစိုးရဟာ သူဘာသာသူ ရည်ရွယ်ချက်ရှိရှိနဲ့ ဒီလိုလုပ်ပြီးတော့ ဒီလိုဖြစ်လာတဲ့ ဥစ္စာကို သူ့ကိစ္စကိုသူဖြေရှင်းတာပဲဖြစ်ပါတယ်။ ဒါပေမဲ့ တိုင်းပြည်အရေးအခင်းဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့အကြီးအကဲ တစ်ယောက်အနေနဲ့ သွားရောက်ဖြေရှင်းတာဟာ သူတာဝန်သူ ဖြေရှင်းတာ ဖြစ်ပေမဲ့လည်း ကျွန်တော်တို့အတွက် အများကြီးဂုဏ်ယူပါတယ်။ သို့သော် ဒါဟာအရင်အစိုးရလက်ထက်တုန်းက ဒီလိုလုံခြုံရေးတင်းကြပ်တဲ့အတွက် ဒါမျိုးတွေ မဖြစ်ခဲ့ဘူး။ ယခုဒီအချိန်တွေမှာ ဖြစ်လာတာအတွက်ကြောင့် ဒါကိုကျွန်တော်တို့ ထည့်သွင်းစဉ်းစားဖို့လို အပ်ပါကြောင်း ကျွန်တော်အနေနဲ့ ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုအထူးကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ(က)အရ အစည်းအဝေးတက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ အဆိုကို အတည်ပြုမှတ်တမ်းတင်ရန် သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ အဆိုကို မှတ်တမ်းသာတင်ရန် သဘောတူပါက ကန့်ကွက်ဆန္ဒမဲပေးရန်ဖြစ်ပါတယ်။ ဒီနေရာမှာထပ်ပြီးတော့ ရှင်းလင်းရမယ်ဆိုရင် အဆိုကိုအတည်ပြုဖို့အတွက် ထောက်ခံဆန္ဒမဲပေး၍ အဆိုကို မှတ်တမ်းတင်ရန်အတွက် ကန့်ကွက်ဆန္ဒမဲပေးရန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆန္ဒမဲပေးနိုင်ကြပါပြီဆိုတဲ့ စက်ခလုတ်ကို စတင်အသုံးပြုဖို့ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဥက္ကဋ္ဌကြီးခင်ဗျား။ အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။ လွှတ်တော်ဥပဒေ၊ နည်းဥပဒေအရ အဆိုတစ်ရပ်ကို တင်သွင်းရတဲ့အခါမှာ

**ဥက္ကဋ္ဌ။** ရပါပြီ။ ကျွန်တော်တို့ မဲခွဲတဲ့ အဆင့်ကို ရောက်ပါပြီ။ ယခု ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံဆန္ဒမဲ (၂၈)မဲ၊ ကြားနေမဲ (၃၁)မဲ၊ ကန့်ကွက်မဲ (၆၈)မဲ၊ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်ဆန္ဒမဲများသည့်အတွက် ဦးညီညီ (ခ)ဦးညီလေးချမ်း တင်သွင်းသော အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။